## ရေယာဉ်မှူး (နိုင်ငံခြားသွား) နှင့် ရေယာဉ်မှူး (အိမ်နီးချင်းသွား) ကျွမ်းကျင်မှုလက်မှတ် စာမေးပွဲအတွက် ပင်လယ်ပြင်လုပ်သက်စစ်ဆေးရန်၊ မျက်စိစစ်ဆေးရန် နှင့် နှုတ်ဖြေစာမေးပွဲ ဖြေဆိုရန် လျှောက်ထားခြင်း

### ပင်လယ်ပြင်လုပ်သက်စစ်ဆေးရန် လျှောက်ထားရာတွင်-

(၁) ကာယကံရှင်ကိုယ်တိုင် ရေကြောင်းဌာနခွဲ၊ စာမေးပွဲဌာနစုသို့ အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်လျှောက်ထားရမည်-

(က) ကာယကံရှင်၏ လျှောက်လွှာ၊

(ခ) Seafarers Identification and Record Book (SIRB) (မူရင်းနှင့်မိတ္တူ)၊

(ဂ) Testimorial (မူရင်းနှင့်မိတ္တူ)၊

(ဃ) သက်တမ်းရှိမျက်စိစစ်ဆေးအောင်မြင်ကြောင်းလက်မှတ်(မူရင်းနှင့်မိတ္တူ)၊

(င) ပထမအရာရှိ (နိုင်ငံခြားသွား) ကျွမ်းကျင်မှုလက်မှတ် (CoC) (မူရင်းနှင့်မိတ္တူ)

(သို့မဟုတ်)

ပထမအရာရှိ(အိမ်နီးချင်းသွား)ကျွမ်းကျင်မှုလက်မှတ်(CoC)(မူရင်းနှင့်မိတ္တူ)၊

(စ) ပင်လယ်ပြင်လုပ်သက်ရေးသွင်းထားသည့်စာရွက်။

### (၂) ပင်လယ်ပြင်လုပ်သက်စစ်ဆေးမည့်သူများအနေဖြင့် –

(က) ရေယာဉ်မှူး (နိုင်ငံခြားသွား) ကျွမ်းကျင်မှုလက်မှတ် စာမေးပွဲဖြေဆိုရန်အတွက် ပထမအရာရှိ (နိုင်ငံခြားသွား) ရာထူးဖြင့် လုံးပေါင်းတန်ချိန် (၃၀၀၀) အထက် နိုင်ငံခြားသွားသင်္ဘောများတွင် ပင်လယ်ပြင်လုပ်သက်(၁၂)လ

(သို့မဟုတ်)

ပထမအရာရှိ (နိုင်ငံခြားသွား) ကျွမ်းကျင်မှုလက်မှတ် ကိုင်ဆောင်ပြီး Officer Incharge of a Navigational Watch ရာထူးဖြင့် လုံးပေါင်းတန်ချိန် (၅၀၀) အထက် နိုင်ငံခြားသွားသင်္ဘောများတွင် ပင်လယ်ပြင်လုပ်သက် (၂၄) လ ရှိပြီးသူ ဖြစ်ရမည်။

(ခ) ရေယာဉ်မှူး (အိမ်နီးချင်းသွား) ကျွမ်းကျင်မှုလက်မှတ် စာမေးပွဲဖြေဆိုရန်အတွက် ပထမအရာရှိ (အိမ်နီးချင်းသွား) ရာထူးဖြင့် ပင်လယ်ပြင်လုပ်သက် (၁၂)လ

(သို့မဟုတ်)

Officer  Incharge of a Navigational Watch ရာထူးဖြင့် ပင်လယ်ပြင်လုပ်သက် (၂၄)လ ရှိပြီးသူဖြစ်ရမည်။

**မျက်စိစစ်ဆေးရန်* လျှောက်ထားရာတွင်–**

(၃) ကာယကံရှင်ကိုယ်တိုင် ရေကြောင်းဌာနခွဲ၊ စာမေးပွဲဌာနစုသို့ အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်လျှောက်ထားရမည်–

(၁) ကာယကံရှင်၏ လျှောက်လွှာ၊

(၂) နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ)၊

(၃) ဓါတ်ပုံ (၂) ပုံ (၃၂ မီလီမီတာ × ၄၀ မီလီမီတာ)၊

(၄) Certificate  of  Competency (CoC) လက်မှတ် (မိတ္တူ)၊ နှင့်

(၅) ငွေသွင်းချလံ (သို့မဟုတ်) ငွေသွင်းပြီးကြောင်းအထောက်အထား။

* ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဒေါပုံသင်္ဘောကျင်းရှိ ရေကြောင်းဌာနခွဲ၊ မျက်စိစစ်ဆေးခန်း၌ အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်းတွင် စစ်ဆေးသွားမည်ဖြစ်ပါသည်။

**နှုတ်ဖြေစာမေးပွဲဖြေဆိုရန် လျှောက်ထားရာတွင်–**

(၄) ကာယကံရှင်ကိုယ်တိုင် ရေကြောင်းဌာနခွဲ၊ စာမေးပွဲဌာနစုသို့ အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်လျှောက်ထားရမည်–

(၁) ကာယကံရှင်၏ လျှောက်လွှာ၊

(၂) ကာယကံရှင်၏ ကတိဝန်ခံချက်၊

(၃) သင်တန်းကျောင်းမှ ကျောင်းသားကတ် (မိတ္တူ) (သို့မဟုတ်) နှုတ်ဖြေစာမေးပွဲကတ်အဟောင်း (မိတ္တူ)၊

(၄) သင်တန်းပြီးဆုံးကြောင်းလက်မှတ်နှင့် အမှတ်စာရင်း (မူရင်းနှင့်မိတ္တူ)၊

(၅) သက်တမ်းရှိမျက်စိစစ်ဆေးအောင်မြင်ကြောင်းလက်မှတ်(မူရင်းနှင့်မိတ္တူ)၊

(၆) Seafarers Identification and Record Book  (SIRB)  (မူရင်းနှင့်မိတ္တူ)၊

(၇) ဓါတ်ပုံ (၄) ပုံ (၂.၅ စင်တီမီတာ x  ၃ စင်တီမီတာ)၊

(၈) သတ်မှတ် ပင်လယ်ပြင်လုပ်သက် ပြည့်မီကြောင်း အတည်ပြုထောက်ခံစာ (မူရင်းနှင့်မိတ္တူ) (သို့မဟုတ်) Result Sheet (မူရင်းနှင့်မိတ္တူ)၊

(၉) ပထမအရာရှိ(နိုင်ငံခြားသွား)ကျွမ်းကျင်မှုလက်မှတ်(CoC) (မူရင်းနှင့်မိတ္တူ)

(သို့မဟုတ်)

ပထမအရာရှိ (အိမ်နီးချင်းသွား) ကျွမ်းကျင်မှုလက်မှတ်(CoC) (မူရင်းနှင့်မိတ္တူ)၊

(၁၀) ငွေသွင်းချလံ (သို့မဟုတ်) ငွေသွင်းပြီးကြောင်း အထောက်အထား။